www.thitsarparamisociety.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မုံလယ်တောရ ဆရာတော် ဘုရားကြီး ဘဒ္ဒန္တ သံဝရ
အမေရိကန်နိုင်ငံ သန္တိသစ္စာ ဝိပဿနာရိပ်သာ LA တွင်
၁၃၆၇-ခု၊ ကဆုန်လဆန်း ၁၀-ရက်၊ အင်္ဂါနေ့ (၁၇.၅.၂၀၀၅)၊ နံနက်(၈) နာရီအချိန်၌
ဟောကြားတော်မူသော ခန္ဓာဉာဏ်ရောက် ဒိဋ္ဌိဖြုတ်တရားတော်။

မာတိကာ။...။ ငါးပါးသီလ အကျိုး+အပြစ်။ + အရှုး ဖိုးလှ ဥပမာပြ။ + လမ်းသုံးသွယ်၊ ဒေဝိလရသေ့ ဥပမာပြ+ ဘုရားရှင် အားနာဖို့ကောင်းပုံ။+ နံ့သာပု ငှက်ပျောသီး ဥပမာပြ+ ချစ်မုန်းမပါ လင်မယား ဥပမာ။

ဘုရားရှိခိုး၊ ဆရာတော်ဆုပေး၊ ရှစ်ပါးသီလပေး၊ စက်ဝိုင်းထောက် (ပ+ဒ+တ)။ သာဓုခေါ်။ မူလနှစ်ဖြာ တစ်ခေါက်။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
ဝိညာဏ်မြင် သမ္မုတိသစ္စာ အားဖြင့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ အကုသိုလ်ကံ ကုသိုလ်ကံ တရားနှစ်ပါးကို ယုံကြည်ရမယ်လို့ မဟောလား။ ပါဏာတိပါတာအစ သုရာမေရယအဆုံး ပါဏာတိပါတာအစ မိစ္ဆာဒိဋ္ဌိ အဆုံးကို ကျူးလွန်ရင် ကုသိုလ်လား အကုသိုလ်လား။ အကုသိုလ်ကံ အကြောင်းကြောင့် အကျိုးတရားက သေသည်ရဲ့ အခြားမဲ့၌ ငရဲ၊ တိရစ္ဆာန် ၊ပြိတ္တာ၊ အသူရကာယ်လို့ မဟောလား။ ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရားလား။ ဒါ အကုသိုလ်ကံကြောင့် ဖြစ်တာနော်။ ကြောက်စရာ မကောင်းလား။
ပါဏာတိပါတာ အစ သုရာမေရယ အဆုံး ပါဏာတိပါတာ အစ မိစ္ဆာဒိဋ္ဌိ အဆုံးကို ရှောင်ကြဉ်ရင် အကုသိုလ်လား ကုသိုလ်လား။ ကုသိုလ်ကံ အကြောင်းကြောင့် အကျိုး တရားက လူ့ပြည်၊ နတ်ပြည် ခြောက်ထပ်လို့ မဟောဘူးလား။ ဆင်းရဲတဲ့ တရားလား ချမ်းသာတဲ့ တရားလား။ အဲဒါ ကမ္မဿကတာ သမ္မာဒိဋ္ဌိ ကံ ကံ၏ အကျိုးကို ယုံကြည်ဖို့ မကောင်းဘူးလား။ အဲဒီ ငါးပါးသီလ အကျိုး အပြစ်ကို သိဖို့ လိုတယ်နော်။

<u>ငါးပါးသီလ အကျိုး+အပြစ်။</u>

သက်ရှိ သတ္တဝါတဲ့ ကမျဉ်းနီကစ ဆင်ကောင်ကြီးထိ သတ်မယ်ဆို ပါဏာတိပါတကံ မထိုက်ဘူးလား။ ပါဏာတိပါတကံ ထိုက်ရင် သေသည်ရဲ့ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား။ အပါယ်ကိုကျ၊ ငရဲကို အားရအောင်ခံ၊ ငရဲသက်စေ့ လူအဖြစ်ကို ရတယ်ထား။ လူဖြစ်တဲ့ ဘဝမှာ မွေးမွေးချင်း

သေတဲ့ ကလေးတွေ မရှိလား။ လသားနဲ့ သေတာ မရှိလား။ ကျောင်း သား အရွယ်နဲ့ သေတာ မရှိဘူးလား။ ငယ်ငယ်ရွယ်ရွယ်နဲ့ သေတော့ကာ... စဉ်းစားဖို့နော် သူဌေးသားပဲ ဖြစ်ဖြစ်၊ သူဌေးသမီး ပဲဖြစ်ဖြစ်၊ လူဖြစ်ကျိုး နပ်ကဲ့လား။ အသက် တိုတယ်လို့ မပြောဘူးလား။ လူဖြစ်ကျိုး ရှုံးတယ်နော်။ လသားနဲ့ သေတာတွေ မွေးမွေးချင်း သေတာတွေ ကျောင်းသား အရွယ်နဲ့ သေတာတွေ၊ သြော်- သူတို့ ဘဝ အိုးပုတ်၊ချိုးရုပ်နဲ့ ပျော်လို့ သေရ တော့တာ ကွဲ့။ လူ့စည်းစိမ် ခံစားရရဲ့လား။ အသက် တိုတယ်လို့ မပြောဘူးလား ။

အသက် ဘယ်လိုကြောင့် အသက် တိုတာလဲလို့ ပြန်ပြီးတော့ စိစစ်ဖို့ မကောင်းလား။ ကိုယ့်ကိုယ်ကို စဉ်းစားဖို့ မကောင်းလား။ သူ့အသက်ကို သတ်ခဲ့တာ။ သူ့အသက်ကို သတ် တော့ ပါဏာတိပါတ ကံလို့ မဟောဘူးလား။ ပါဏာတိပါတ ကံကြောင့် အပါယ်ကျ၊ ငရဲလည်း အားရအောင်ခံ ရတယ် နော်။ ငရဲသက်ကစေ့လို့ ဖြစ်တဲ့အခါမှာ တိရစ္ဆာန် ဖြစ်တာ များတယ်၊ တိရစ္ဆာန်ဆိုတော့ကာ နိုင်ရာစားဘဝပေါ့။ တိရစ္ဆာန်ဘဝက သေတော့ ငရဲကိုကျ၊ ငရဲသက်ကစေ့ တိရစ္ဆာန်ဖြစ်၊ တိရစ္ဆာန် က ငရဲကျ၊ ရှေးဆရာတော်၊ သမားတော်တွေ ငရဲနဲ့ တိရစ္ဆာန် ရက်ကန်းရှယ်သလို လို့တဲ့။ ကြား လား။ အဲသလို များတယ်နော်။

အခု လူဖြစ်တယ် ထားဦးတော့ လူဖြစ်တဲ့ဘဝမှာ အသက် မတိုဘူးလား။ အသက်တိုတာ တွေဟာ ပါဏာတိပါတကံကိုး ကွဲ့။ အဲသလိုသိ အသက်တိုတဲ့ အကြောင်း အကျိုးသိတဲ့အခါ သတ္တဝါ အသီးသီး သတ်ဦးမလား။ အကြောင်းအကျိုး သိပြီနော်။ အဲလို သိတော့ ရှောင်ရတော့တာပေါ့။ မသိ ရှောင်နိုင်ပါ့မလား။ အဲတာ ယုံကြည်ဖို့ မကောင်းလား။ကဲ အသက်ရှည် တယ်ထားဦး လူတစ်ရာမှာ တစ်ယောက်လောက် ။မစားနိုင်၊ မသောက်နိုင်၊ မလုပ်နိုင်၊ မကိုင်နိုင် ဟိုက အနာကအမျိုးမျိုး၊ဒီက အနာက မပျောက်၊ ဟိုအနာကပေါ် ဒီအနာက ပျောက် ဟိုအနာကပေါ်၊ အဲဒီလို အနာတည်တွေ မရှိဘူးလား။ ဒါလည်း ပါဏာတိပါတကံကွဲ့၊ ကြောက်စရာ မကောင်းဘူးလား။ အဲ အဖျားအနာ တစ်ဖုတ်ဖုတ်ဖြစ်။ အနာတွေ ဟိုတစ်မျိုး ဒီတစ်ဖုံဖြစ်ပြီးတော့ အသက်ရှည်ငြားသော်လည်း လူစဉ် မမှီတော့ဘူး။ စားဝတ်နေရေး မပြေဘူး။ မစားနိုင်၊ မသောက်နိုင်။ စားလိုက် အော့လိုက် အန်လိုက် မတည့်။ ကဲ အဲဒီလိုခံရတဲ့အခါ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာ လား။ ပါဏာတိပါတ ကံနော်။

သစ်သီး တစ်လုံး၊ ပန်း တစ်ပွင့်၊ ဟင်း တစ်ညွှန့်ကစ ရွှေငွေ၊ ကျောက်သံ ပတ္တမြား အထိ ပိုင်ရှင် အခွင့် မပြုဘဲ ယူရင် အဒိန္နာကံ မထိုက်လား။ အဒိန္နာကံ ထိုက်ရင် သေသည့်ရဲ့ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား။ အပါယ်ကိုကျ၊ ငရဲကို အားရအောင်ခံ၊ ငရဲသက်စေ့ လူ့အဖြစ်ကို ရတယ်ထား။

17.5.2005,(8:00am)3

လူဖြစ်တဲ့ ဘဝမှာ စားဝတ်နေရေး ပြေရဲ့လား။ ဘယ်လိုပဲ လုပ်လုပ် မပြေဘူးနော်။ ဒါမို့ ရှေး ဆရာတော်၊ သမားတော်တွေ ဘယ်လိုများ ဥပမာ ပေးသလဲ၊ ဖောင်စီးရင်း ရေငတ်လို့ ဥပမာ ပေးတယ်ကွဲ့နော်။ ဖောင်ဆိုတာ ရေပေါ်မှာ သွားတာ။ သစ်ဖောင်တို့၊ ဝါးဖောင်တို့၊ ကြိမ်ဖောင်တို့ မရှိဘူးလား။ ရေပေါ်မှာ သွားတာ ဘယ်နှယ့် ကြောင့် ငတ်တာလဲ လို့ ပြန်စိစစ်ဖို့ မကောင်းလား။ အောက်က ကျောက်ဆောင်တွေ ရှိတယ်၊ သောင်တွေ ရှိတယ်၊ ရေသောက်နေရင် ကျောက် ဆောင်နဲ့ တိုက်တော့မှာကွဲ့။ ဒါတော့ ရေ မသောက်အားဘူး။ တက်ကို ခပ်သုတ်သုတ်ဆွဲ ရတယ် နော်။ အဲလို စိစစ်ဖို့မကောင်းလား။အခုလည်း ဘယ်လိုပဲ့ လုပ်လုပ် စားဝတ်နေရေး ပြေရဲ့လား။ လုပ်ချင်သလို လုပ် အငတ်ပြဿနာ ရင်ဆိုင်ရတယ်နော်။ ဘာကြောင့် ငတ်တာလဲ၊ သူများ ပစ္စည်း ခိုးခဲ့တဲ့ ပုဂ္ဂိုလ်က အငတ်နဲ့ ရင်ဆိုင်ရတာ။ စားဝတ်နေရေး မပြေတာ အဒိန္နာဒါန် ကွဲ့ -ကြားလား။ ဘယ်လိုပဲ့ လုပ်လုပ် ပြေရဲ့လား ဟဲ့။ မပြေဘူး။ အဲတာ အဒိန္နာဒါန် အကြောင်းကြောင့် အကျိုးတရား ပေါ်တယ်။ အဲဒီလို အကျိုးအပြစ်ကို သိတော့ကာ ငတ်တာ အလိုလို မဟုတ်ဘူး သူများ ပစ္စည်း ခိုးခဲ့တာ။ ဝတ်တာကို ခိုးခဲ့တော့ အဝတ်က ဆင်းရဲတယ်၊ အစား ခိုးခဲ့တော့ အစား ဆင်းရဲတယ်။ အဲဒီလို သိတော့ မရှောင်ရဘူးလား။ ဒါ အကျိုး အပြစ်ကို သိဖို့ လိုတယ်။

လင်ရှိမယား၊ မယားရှိလင်ကို ကျူးလွန် စော်ကားတော့ ကာမေသုမိစ္ဆာစာရကံ မထိုက်ဘူးလား။ ထိုက်ရင် သေသည်ရဲ့ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား။ အပါယ်ကိုကျ၊ ငရဲကို အားရအောင်ခံ၊ ငရဲသက်စေ့ ။ လူ့အဖြစ်ကို ရတယ်၊ လူဖြစ်တဲ့ဘဝမှာ လူချင်းတူရဲ့လား။ ဣတ္ထိလိင် ပုလ္လိင်တဲ့ လူဖြစ်ကျိုး ရှုံးတော့တာ ကွဲ့နော်။ အလိုလို ဖြစ်တာလား။ အကြောင်း ကြောင့် အကျိုးတရား ပေါ်တာလား။ အဲဒီလို အကြောင်း အကျိုးသိတဲ့အခါ ကျတော့ သူများ လင်သား မယားတွေ စော်ကားဦးမလား။ သိတော့ မရှောင်ရဘူးလား။ အေး- ငါးပါးသီလ အကျိုး အပြစ်သိဖို့ လိုတယ်ကွဲ့။ စားဝတ်နေရေးနဲ့ ပတ်သက်လို့ မုသားကို အမျိုးမျိုး မသုံးကြဘူးလား။ မုသား အမျိုးမျိုး သုံးတော့ကာ မုသာဝါဒကံ ထိုက်-မထိုက်။ ထိုက်ရင် သေသည်ရဲ့ အခြားမဲ့၌ အပါယ်က လွတ်ပါ့ မလား။ အပါယ်ကိုကျ၊ ငရဲကို အားရအောင်ခံ၊ ငရဲသက်စေ့ လူ့အဖြစ်ကို ရတယ်ထား လူဖြစ်တဲ့ ဘဝမှာ စားဝတ်နေရေးနဲ့ ပတ်သက်ပြီးတော့ ငွေကြေးကိစ္စ၊ ဆန်စပါးကိစ္စ ချေးလို့၊ ငှားလို့ လွယ်ကူ စွာ ရရဲ့လား။ ဘယ်သူမှ အယုံအကြည် မရှိဘူးနော်။ ဒီလူက လိမ်တတ်တယ် ကောက်တတ်တယ်။ ကဲ မချေးရဲ၊ မငှားရဲဘူးနော်။ ဒီတော့ စားဝတ်နေရေး ပြေပါ့မလား။ ဒါ မုသာဝါဒကံကိုး ကွဲ့။ အဲဒီလို အကျိုးအပြစ်ကို သိတော့ မရှောင်ရဘူးလား။

17.5.2005,(8:00am)4

ဘိန်းဘင်း ကစော် လော်စာ အရက် သေရည် သေရက်ကို သုံးဆောင်ခြင်းကြောင့် သုရာ မေရယကံ မထိုက်လား။ ထိုက်ရင် သေသည်ရဲ့ အခြားမဲ့၌ အပါယ်က လွတ်ပါ့မလား။ အပါယ်ကိုကျ၊ ငရဲကို အားရအောင်ခံ၊ ငရဲသက်စေ့လို့ လူအဖြစ်ကို ရတယ်ထား လူဖြစ်တဲ့ ဘဝမှာ ရူးတဲ့ပုဂ္ဂိုလ်တွေ မြင်ဖူးရဲ့လား။ လူဖြစ်တော့ လူရူး၊ ခွေးဖြစ်တော့ ခွေးရူး။ ဝက်ဖြစ် တော့ ဝက်ရူးပေါ့။ အလိုလို ဖြစ်တာလား အကြောင်းကြောင့် ဖြစ်တာလား။ အဲဒီလို အကြောင်း အကျိုး စိစစ်တော့ကာ ဟော- သုရာမေရယကံကြောင့် ဒီလို ဖြစ်တာကို ဆိုတော့ ကာ အကျိုး အပြစ်သိတော့ မရှောင်ရဘူးလား။ မသိရင် ရှောင်နိုင်ပါ့မလား။ အဲဒါ နားလည်အောင်လို့ ဟောရတယ် ကြားလား။ အဲဒီလို စိစစ်ဖို့ မကောင်းဘူးလား။

<u>အရူး ဖိုးလှ ဥပမာပြ။</u>

မကြားစဖူး ကြားဖူးထပ်မံ ဘုန်းကြီးတို့ ဒေသန္တရမှာ အင်္ဂလိပ် လက်ထက်က ဦးဖိုးလှတို့ စိန်ကတုံး တို့ ရူးတဲ့ ပုဂ္ဂိုလ်တွေ ပေါ့၊ သိပ် အရူးကြီးလည်း မဟုတ်လှဘူး။ အဲတာနဲ့ ဇရပ်မှာ နေလို့ သမိုင်းဝင် စွယ်တော်ရှင် ဘုရားကြီးမှာ ရွာထဲက ဆွမ်းတော် ကပ်တဲ့အခါမှာ အဲတာ သူတို့ တောင်းပြီးတော့ စားကြတယ်။ တစ်နေ့သ၌ မင်းရွာနဲ့ ဘုန်းကြီးတို့ အနောက်ဂန့်ဂေါ်နဲ့ ဆယ့်ငါးမိုင် ဝေးတယ်။ မြစ်သာမြစ်၊ ရွာနဲ့ ဘုရားနဲ့က မြစ်သာမြစ် ခြားတယ်။ မြစ် မြောက် ဘက်မှာ မြသိန်းတန်ဘုရား ဆိုတာ သီရိဓမ္မာသောက မင်းကြီး တည်ခဲ့တာ။ အဲဒီမှာ ဆွမ်းတော်ကပ် သွားတဲ့အခါမှာ ဇရပ်မှာ နေတဲ့ ဖိုးလှက အဲတာ တောင်းစား နေတာ ။

အဲဒီရွာမှာ နေတဲ့ ဥပါသကာ တစ်ယောက်က အဲဒီ ဘုရား မြောက်ဘက်မှာ သူ့ရဲ့ လယ်တော ရှိတယ်။ အဲဒီလူက ထန်းပင် တက်ပြီးတော့ သောက်တတ်တယ်။ ဝယ် မသောက်ဘူး ထန်းရည်။ သူကိုယ်တိုင် တက်ပြီးတော့ သောက်တာ။ အပေါင်းအဖေါ်နဲ့လည်း မသောက် ဘူး။ အဲတာနဲ့ တောကို သွားတဲ့အခါ ဇရပ်မှာ ဖိုးလှနဲ့ တွေ့တော့၊ ဟေ့ ဖိုးလှ ထန်းရည် သောက်ချင်လိုက်ခဲ့ ထန်းရည် သောက်ချင်လိုက်ခဲ့ လို့ခေါ်တယ်။ အဲဒီ ရူးတဲ့ ဖိုးလှက ဘယ်လို ပြန်ပြောသလဲ တဲ့။ ငါဟိုဘဝတုန်းက သောက်တာ အခုထိ အမူး မပြေသေးဘူးတဲ့။

ဟိုဘဝတုန်းက သောက်တာ၊ အခုထိ အမူး မပြေသေးဘူးတဲ့ ကြားရဲ့လား။ အဲဒီ ရူးတဲ့ လူတွေက အမူးပြေလို့လား၊ မပြေလို့လား။ ဟာ အားရပါးရ အတော်မူးတာကို ဟယ် ကြားလား။ ဟိုဘဝ တုန်းက သောက်တာတောင်မှ အမူး မပြေပါလားဟဲ့။ ဟင် အဲဒီတော့ ဟိုလူက စဉ်းစားတယ်။ ခြေတစ်လှမ်းချင်း သွား၊ ကန့် ကန့်ပြီးတော့ သွားတဲ့အခါ တောကို ရောက် ထန်းပင်ပေါ်တက်၊

17.5.2005,(8:00am)5

အိုးတွေကို တစ်ခါတည်း ခွဲ၊ ထန်းစတွေ ချိုး။ အဲဒီနေ့ကစ အသောက် အစား ပြတ်သွားတော့တာ၊ ဘုန်းကြီးတို့ ဟောတုန်းက မကျွတ်ဘူး။ ဖိုးလှ ပြောကာမှ ကျွတ်တော့တာ ဟော့ ။ကြားလား-ဟ။ ငါ ဟိုဘဝတုန်းက သောက်တာ အခုထိ အမူးမပြေဘူးတဲ့။ အခုလည်း ကားစီးတဲ့အခါ မူး၊ ရထားစီးတဲ့ အခါမူး၊ လေယာဉ်စီးတဲ့အခါမူး ဒီလိုတွေ ကားမရှိဘူးလား။ အဲဒီသူတွေဟာ အသောက်သမားလို့ သာ အောက်မေ့။ အသောက်သမား၊ အသောက်သမား။ တရား ဟောရတာလည်း အားတော့ နာတယ်ကွဲ့။ အားနာတယ်။ စဉ်းစားဖို့ မကောင်းလား ဟော့။ ခေါင်းမူး ခဏ ခဏ ပေါ်တာ လူ အသိမပေးနဲ့ ခေါင်းမူးတာ အသာလေးသာ မှိန်းနေ။ သို့မို့ အသောက်သမား မှန်း သိတယ်ကွဲ့။ စဉ်းစားဖို့ မကောင်းလား။ အဲလို လေ့လာ။

ကဲ- အဲဒီ သုရာမေရယကံဆိုတာ နည်းနည်းပေါ့ပြီးတော့မှ မရှုးပြားသော်လည်း ကျောင်းထား တဲ့ အရွယ်ရောက်လို့ ငါးနှစ်၊ခြောက်နှစ် ၊ခုနှစ်-နှစ်ကြာတော့ ကျောင်းထား၊ ကျောင်းက အတန်း ကျောင်းပဲ ဖြစ်ဖြစ်၊ ဘုန်းကြီး ကျောင်းပဲ ဖြစ်ဖြစ်၊ ရှေ့စာသင် နောက်စာမေ့ ဆိုတာ ကြားဖူးသလား။ အဲ… အသက်အရွယ်ကြီးလို့သာ ကျောင်းက ထွက်ရတာ အတန်း အောင် တယ် လို့ မရှိဘူး။ မေ့လို့ဘဲ နေတော့တာကိုး။ စဉ်းစားဖို့ မကောင်းလား။ အမေ့ အလျော့ အားကြီးတာတွေဟာ လည်း အသောက်သမားပဲ ကြားလား။ ခဏ ခဏ အမေ့အလျော့ ထူတာ မရှိဘူးလား။ အဲတာ အသောက် သမားတွေ ကွဲ့နော်။ အသက်အရွယ်ကြီးလို့သာ ကျောင်းကထွက်တော့တာ…

တောင်သူပဲ လုပ်လုပ်၊ အရောင်းအဝယ်ပဲ လုပ်လုပ်၊ တစ်ရွာနဲ့တစ်ရွာ တစ်မြို့နဲ့တစ်မြို့ သွားလာပြီးတော့ အရောင်းအဝယ်လုပ်။ လမ်းခရီး တထောက် ထမင်းဆိုင်တွေ့တော့ ဆာလောင်မွတ်သိပ်လို့ စားကြ၊ စားလို့ ခရီးဆက်ပြီးတော့ သွားတဲ့အခါ စားပြီးလို့ ခရီးဆက်တဲ့အခါ အဖိုးတန်တဲ့ ပစ္စည်းတွေ မေ့လို့ ဆုံးရှုံးတာ တွေကား မရှိဘူးလား။ အလိုလို ဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား။ သုရာမေရယကံ တွေ နော်။ ကဲ တစ်ခါ နမ်း ကောက်ကျီပြတ်၊ စပါး ကောက်ကျီပြတ်၊ ပဲကောက်ကျီပြတ်။ အရောင်း အဝယ်လုပ်လို့ ငွေချေတဲ့အခါ တစ်ထောင်ထုပ်၊ တစ်သောင်းထုပ်တွေ ထုတ်ထားတာ တစ်ထောင်ထုပ်ကို ပေးရမှာ တစ်သောင်းထုပ်ကို ပေးလို့ ဆုံးရှုံးတာတွေကား မရှိဘူးလား။ အလိုလို ဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား။ ဟော မေ့လျော့တာ ဟာ သုရာမေရယကိုးကွဲ့။ အဲဒီလိုသိတော့ မရှောင်ရပေဘူးလား။ အေး ရှောင်ရမယ် ရှောင်ရမယ်။ အဲတာ သိမှ ပယ်နိုင်တာနော်။ အဲတာ သုရာမေရယ ကံ ကြားလား။ စဉ်းစားဖို့ မကောင်းလား။

<u>လမ်းသုံးသွယ်(ကံလမ်း၊စျာန်လမ်း၊ဉာဏ်လမ်း)</u>

17.5.2005,(8:00am)6

အသက်တိုတာက ပါဏာတိပါတကံ၊ ဖြစ်တဲ့ဘဝမှာ စားဝတ်နေရေး မပြေတာက အဒိန္နာကံ၊ ဘာကြောင့် စားဝတ်နေရေး မပြေသလဲ...။ ဘဝအဆက်ဆက်က သူများ ပစ္စည်းကိုခိုးခဲ့တာ၊ သူများ စားမည့်ဟာကို ခိုးခဲ့တာ၊ သူများ ဝတ်မည့်ဟာကို ခိုးခဲ့တော့ ၊ဖြစ်တဲ့ဘဝမှာ ငတ်တယ် နော်။ အစား အသောက်ရှားပါးတယ် ကြားလား။ အဲလို စိစစ်ဖို့ မကောင်းဘူးလား။ ကဲ တစ်ခါ သူများရဲ့ အဆောက်အဦးတွေကို ဖျက်ဆီးတာ ၊မီးရှို့တာတွေ၊ အဲတာ အသိုက်တွေ ဘာတွေ ဖျက်ဆီးတာ တွေ ၊ငှက်အုံတွေ ဖျက်ဆီးတာတွေ၊ လူအိမ်တွေ မီးရှို့တာတွေ အဲဒီပုဂ္ဂိုလ်လေး တွေက အိမ် မရှိဘူးဖြစ်တဲ့ ဘဝမှာ။ ဖြစ်သလိုလေးနဲ့ တင် မိုးကာလေးနဲ့နေလို့ဟိုနားမှာ တော်လို့ရော်လို့ ဒီလို နေကြတာတွေ ကြားလား။သူများ အဆောက်အဦးကို ဖျက်ဆီးခဲ့တဲ့ သူတွေ ကွဲ့ ။ စဉ်းစားဖို့ မကောင်းလား။ အေး အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာလား။ အဲလို စဉ်းစားဦး...နော်။ အဲဒါ ငါးပါးသီလ အကျိုး အပြစ်ကို သိရင် ပါဏာတိပါတာ အစ သုရာမေရယ အဆုံးကို မရှောင်ရဘူးလား။ ရှောင်တာ အကုသိုလ်လား၊ ကုသိုလ်လား။ အေး အဲဒီကုသိုလ်ကြောင့် လူ ဖြစ်တယ် နတ်ဖြစ်တယ်။ အကုသိုလ် ကြောင့် ငရဲ၊တိရစ္ဆာန်၊ပြိတ္တာ ... အပါယ်လေးဘုံလို့ မပြောဘူးလား။ အဲသလို အကျိုးအပြစ်ကို သိဖို့လိုတယ်။ သိမှ ပယ်နိုင်တာ၊ မသိ ပယ်နိုင်ပါ့မလား။ သိအောင် ကြိုးစား။ အဲဒါ ကံလမ်း ကံလမ်း၊ ဘုန်းကြီး ပြောတာ ကံလမ်း။ ကံဆိုတာ အပါယ်သွား တာက အကုသိုလ်ကံ၊ အကုသိုလ်ကံ အပုညာဘိသင်္ခါရ၊ အဲဒါ အပါယ်သွားတဲ့လမ်း။ ပုညာဘိ သင်္ခါရက လူ့ပြည်နဲ့ နတ်ပြည်သွားတဲ့ လမ်း။ ကမ္ဘဋ္ဌာန်း လေးဆယ်အားထုတ်လို့ သမာဓိသာ ရမယ် ဆိုရင် သူတစ်ပါး စိတ်အစဉ်သိနိုင်တယ်။ ဒါ့ထက်ရင့်ကျက်ရင် မြေလျှိုးနိုင်တယ် မိုးပျံ နိုင်တယ်။ ဓာတ်ဆီ မပါဘဲနဲ့ ပျံနိုင်တာ။ ကြားလားဟေ့။ ဈာန်လမ်း စဉ်းစားနော်။ ကံလမ်းနဲ့၊ ဈာန်လမ်းနဲ့၊ ဉာဏ်လမ်းနဲ့။ အဲဒါ ကံမှန်းလည်း မသိ၊ ဈာန်မှန်း လည်းမသိ၊ ဝိပဿနာ ဆိုလို့ ဝိပဿနာ လို့ ပြောလိုက်ရတာ။ ဈာန်လမ်းတွေ၊ ကံလမ်းတွေ ကြားလား။

<u>ဒေဝိလရသေ့ ဥပမာပြ။</u>

မကြားစဖူး၊ ကြားဖူး ထပ်မံ။ ရှေးထက်ကျော်ကာရီက ခဏ ခဏ ပြောရတယ်။ သုဒ္ဓေါဒနမင်း ကြီး တို့၊ မယ်တော်မာယာ တို့ ကိုးကွယ်နေတဲ့ ရသေ့ကြီး၊ ဒေဝိလ ရသေ့ ။ အဲဒီရသေ့က ရှေ့ကို ကမ္ဘာ လေးဆယ် မြင်တယ်။ နောက်ကို ကမ္ဘာ လေးဆယ် မြင်တယ်။ အကုန်လုံး မြင် တယ်။ ပြောနိုင်တာ။ အာရုံ ပြုတဲ့အခါ သူတစ်ပါး စိတ်အစဉ်ကို သိတယ်။ မြေထဲ လျှိုးနိုင် တယ် မိုးကို ပျံနိုင်တယ်။ အဲဒါ သုဒ္ဓေါဒန မင်းကြီးတို့၊ မယ်တော် မာယာတို့ ကိုးကွယ်တာ။

တစ်နေ့သ၌ ဘုရားလောင်း မွေးဖွားတာ ကြာခဲ့ပြီးတော့ လမ်းသွားတာ။ သုဒ္ဓေါဒနမင်းကြီးက ရသေ့ကြီး ကို ဦးတိုက်ပြီးတော့ ရှိခိုးခိုင်းတာ၊ ဘုရားလောင်းက ရှိမခိုးဘူး။ ရသေ့ကြီးရဲ့ ဦးခေါင်းပေါ် တက်သွားတော့တာ။ ဦးခေါင်းပေါ် ခြေစုံရပ်ပြီးတော့ နေတော့တာ။ စဉ်းစားဖို့ မကောင်းလား။ ရသေ့ကြီးက အာရုံပြုတယ်၊ နာရီဝက်ကြာတယ် ၊ပြုံးပြီးတော့ လာတယ်။ နောက် တစ်ဖန် အာရုံပြုပြီးတော့ ကြည့်တဲ့အခါ ကျတော့ နာရီဝက်ကြာတယ်၊ငိုတော့တာ။

သုဒ္ဓေါဒန မင်းကြီးက ပြုံးတာက ဘယ်လိုလဲ၊ ငိုတာက ဘယ်လိုလဲ အတိတ် ဆောင်တော်မူ ပါ။ အသင့်သားဟာ ဘုရား စင်စစ်ဖြစ်မယ်။ လူ့နတ်ဗြဟ္မာ သတ္တဝါတွေ ကျွတ်တော့မှာ တဲ့။ ကျွတ် တော့မှာ ကျွတ်တမ်း ဝင်ကြတော့မှာ။ အဲဒါ ဝမ်းမြောက် ဝမ်းသာ လွန်းလို့၊ အားရ လွန်းလို့ ငါပြုံးမိ တယ်။ ငိုတာက အခြား မဟုတ်၊ အသင့်သား ဘုရား ဖြစ်မယ့် အချိန်၊ ငါရသေ့ မရှိတော့ဘူး ၊ငါရသေ့ က အသေ စောသွားပြီ။ သူ့တရားကို ငါ မနာရတော့ဘူး။ အဲဒါ ငါ နစ်နာတယ် ။ဒါကြောင့် ငိုတာ ဝမ်းနည်းတာ။

အဲဒီ ရသေ့ကြီး သေသွားတဲ့အခါ ဘယ်ကို ရောက်သလဲ။ အရူပဘုံ ဟော ရုပ်မရှိ နာမ်သာ ရှိတာ။ ရုပ်မရှိလို့ နာမ်သာရှိတဲ့ ဘုံ အရူပဘုံ။ ရုပ်ရှိတယ် နာမ် မရှိတာ အသညသတ်ဘုံ။ ကဲ တရား ဟောလို့ ရပ့်မလား။ မြေလျှိုးနိုင်တာလည်း မရပါကားဟဲ့။ မိုးပျံနိုင်တာလည်း မရ၊ သူတစ်ပါး စိတ်အစဉ် သိနိုင်တာလည်း မရ။ စဉ်းစားဖို့ မကောင်းလား။ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဆိုတာ ဘုရားပွင့်မှ ကြားရတာဗျ။ ဘုရား မပွင့် မကြားရဘူး။ ကြားလား။ သာသနာ ပမှာ ဘုရား မပွင့်ဘူး ၊သာသနာတွင်းမှာ ဘုရား ပွင့်တာနော်။

<u>ဘုရားရှင်အားနာဖို့ကောင်းပုံ။</u>

ကဲ အခု ဘုန်းကြီးတို့ ဒကာ၊ဒကာမတွေ ဘယ်လောက် ကုသိုလ်ကံ ကောင်းသလဲ။ ဘဒ္ဒ ကမ္ဘာ ဘုရား ငါးဆူ ပွင့်တဲ့ ကမ္ဘာ။ တစ်ချို့ တစ်ဆူ ပွင့်တယ်၊ နှစ်ဆူ ပွင့်တယ်၊ တစ်ချို့ ပွင့်ကို မပွင့်ဘူး သုည ကမ္ဘာတွေ။ ကဲ လူဖြစ်ပြား သော်လည်း ဘုရား မပွင့်တာနဲ့ ကြုံ သစ္စာတရား သိနိုင်ပ့်မလား။ ကဲ ဘုရား ပွင့်တယ်ထားဦး ပစ္စန္တရစ်ဘုရားသာသနာ မပြန့်တဲ့ နေရာတွေ ကျတော့ ဒီတရားတွေ ကြားရနာရ ပ့်မလား။ အဲဒီလိုလည်း စဉ်းစားဦးကွဲ့ စဉ်းစားကြဦး။ အဲဒါ လွယ်တာ မဟုတ်ဘူး။

အဲဒီ တရားသိဖို့ လေးသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ကျင့်ရတာဗျ။ ပစ္စေကဗုဒ္ဓါက နှစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်းဗျ၊ အရှင် သာရိပုတ္တာနဲ့ အရှင် မောဂ္ဂလာန်တို့က တစ်သင်္ချေနှင့် ကမ္ဘာ တစ်သိန်းဗျ။ အဲဒီ တရား သိဖို့ရာ ကျင့်ရတာနော်။

17.5.2005,(8:00am)8

ဘုန်းကြီးတို့ ဒကာ၊ဒကာမတို့က လွယ်လွယ်လေးနဲ့ ကြားရနာရတာ။ လွယ်လွယ်လေးနဲ့ ကြားရနာရတာ။ ဘာနဲ့ တူသလဲလို့ ဘုန်းကြီးတို့ ဒေသန္တရ တောမြို့ တောရွာ တော ဒေသန္တရ တွေကျတော့ ဟော ကလေး လေးတွေ ငါးနှစ်၊ခြောက်နှစ် အရွယ်တွေ ဟော မိုးရွာတဲ့ အခါ လမ်းကြားတွေမှာ ဆော့လို့ ရေထဲ တွေမှာ။ မိုးရွာတုန်း ကြားလား။ မိုးမရွာ တော့ကာ ဖုန်ထဲတွေမှာ ဆော့။ တစ်ယောက် တစ်ယောက် ပျော်ကြ၊ ပြုံကြ။ မိဘက ထမင်း ပြင်ပြီ။ လာခဲ့ကြဟေ့ ထမင်း စားရအောင် ခေါ်...၊မလာဘူး ဆော့နေတာကို။ ကြားလား၊ ရိုက်မယ် လာခဲ့ကြ နင်တို့ အတွက် ထမင်း မထားဘူးဆိုတော့မှ လာ။ လက်ဆေးပြီးတော့ ဝင်စားတာ။ ကဲ သူတို့က ထမင်း စားရာဖို့ ၊ချက်ဖို့ပြုတ်ဖို့တွေ ရှာရသေးရဲ့လား။ သူတို့က ထမင်းဟင်းတွေ ချက်သေးရဲ့လား။ မိဘ ရှာလို့ ချက်ပြုတ်ပြီးသား လွယ်လွယ်နဲ့ စားရတာ။ သားသမီး။

အခု ဘုန်းကြီးတို့ ဒကာ၊ဒကာမတို့က ဘုရား ရှာပြီးသားကို လွယ်လွယ်နဲ့ စားရတာ။ စဉ်းစား ဖို့ မကောင်းလား။ ကဲ ဘယ်လောက်များ အားရစရာ ကောင်းလဲ နော်။ အဲဒီလို အပင်ပန်း ရှာပြီးတော့ ကျွေးတာကိုမှ မစားဘူး ဆိုတော့ကာ ရှာတဲ့ပုဂ္ဂိုလ် အားနာစရာ မကောင်းလား ဟဲ့။ အဲဒီလိုလည်း နှလုံးသွင်းကြဦးကွဲ့။ စဉ်းစား စဉ်းစားတာ အလုပ် လုပ်တယ်လို့ ခေါ် တယ်။ သိ၊ပယ်၊ဆိုက်၊ပွား လေးပါး ကိစ္စ မဂ် တစ်ခဏ။ သိမှ ပယ်နိုင်တာ ၊မသိ ပယ်နိုင်ပ့ါ မလား။ သိမှ ပယ်နိုင်တာ စဉ်းစား စဉ်းစားဖို့။

အခု လူတွေဟာ ဘယ်မှာဖြစ်ဖြစ် ထမင်းစားတဲ့အခါမှာ ဟိုခွက်ကို ကြည့်လိုက် ဒီခွက်ကို ကြည့်လိုက် ဗျိုင်းလို။ ဗျိုင်းများ ငါးရှာသလို ချောင်းနေတာ၊ ပါးစပ်ပေါက်ကလည်း သစ္စာ လေးပါး၊ မျက်စိပေါက်ကလည်း သစ္စာလေးပါး။ သစ္စာလေးပါးသိမှ သောတာပန်။ နားက လည်း သစ္စာ လေးပါး၊ နှာခေါင်းကလည်း သစ္စာလေးပါး၊ စားတဲ့အခါ သစ္စာ ၊ထိတဲ့အခါ သစ္စာ၊ တွေးတဲ့အခါ သစ္စာ လေးပါး။ အခု ဒါတွေ နားမလည်။

ဟင် ထိုင်တာ လည်း ဒီလိုချည်းသာ ထိုင်တော့တယ်။ ဘယ်သူမှလည်း မပြော ဘာမှလည်း မသိ။ ထိုင်တဲ့ ကုသိုလ်တော့ ဖြစ်မယ်။ ဘာကုသိုလ်လဲ။ ထိုင်တဲ့အချိန်မှာ ဝစီကံ မပြောက်၊ ကာယကံ မပြောက်။ အဲဒီ ကုသိုလ်တော့ ရမယ်။ မရဘူးလား။ မနောကံတော့ မပြောဘူး။ ထိုင်ရင်းနဲ့ ဟိုက ဒီက အရောင်း အဝယ်တွေ တွေးချင် တွေးမှာပေ့ါ။ ကြားလား အင်း။ မြင်းလောင်း သမားလည်း လောင်းချင် လောင်းမှာပေ့ါ။ စဉ်းစား။ တောရောက် တောင် ရောက်နဲ့ ရှိတယ်ဗျ။ အဲဒီ မနော ကျတော့ ဘယ်လိုမှ မတတ်နိုင်ဘူး။ စဉ်းစားဖို့ မကောင်း လား ။ အေး လေ့လာကြ။

<u>နံ့သာပု ငှက်ပျောသီး ဉပမာပြ (ဇီဝ ဒွါရ)။</u>

ကဲ လက်တွေ့ မျက်တွေ့ ဥပမာ။ ဗမာပြည်မှာ ငှက်ပျောသီးမှာ နာမည် အကြီးဆုံး ငှက်ပျော သီး နံ့သာပု။ အနံ့ရော၊ အချိုရော အနံ့ရော ပြည့်စုံတာ.. နံ့သာပု။ နံ့သာပုဆီဆိုတာ ဗုဒ္ဓဘာသာတို့ မည်သည် သကြၤန်အခါမှာ နံ့သာပုဆီတွေ ဖျော် တိုက်ကြတာ ပေါ့။ နံ့သာပု ရည် တွေလေ။

အဲဒီ ပင်ထက်မှည့် ငှက်ပျောသီး...နံ့သာပု ငှက်ပျောသီး စားကြည့်လိုက်။ ဘယ်လို တွေ့မလဲ။ ငှက်ပျောသီး တွေ့တာလား ချိုတာ တွေ့တာလား။ ချိုတာနော်။ အဲဒီ ချိုတာကို မျက်စိနဲ့ ကြည့်မြင်ရပါ့မလား။ ယုံရဲ့လား။ ယုံတယ်နော်။ မျက်စိနဲ့ကြည့် မမြင်ရဘူး။ လက်နဲ့ ကိုင်စမ်းကြည့် တွေ့ပါမလား။ ကဲ အနိမိတ္တ။ သဏ္ဍာန်မရှိဘူးပေါ့။ ဒီလို သိဖို့ မလိုဘူးလား။ နမ်းကြည့် ချိုရသာ တွေ့ပါမလား။ နားထောင်ကြည့်ရင်ကား တွေ့ပါမလား။ မျက်စိနဲ့ကြည့် မြင်ရပါမလား။ လက်နဲ့ကိုင်စမ်းကြည့် တွေ့ရဲ့လား။ လျှာနဲ့ကျတော့ မသိနိုင်ဘူးလား။

ဘာကြောင့် သိနိုင်သလဲ မေးရင် ဘယ်လိုပြောမလဲ။ အာပေါဓါတ်။ အာပေါဆိုတာ စွတ်စို တာ။ ရေ ကြားရဲ့လား။ စွတ်စိုတော့ကာ အချိုဓါတ်လေးပေါ် မလာဘူးလား။ ကဲ လက်နဲ့ ကိုင်တော့ ချိုတာ သိရပါမလား။ အာပေါဓါတ် မရှိဘူးကွဲ့။ လျှာနဲ့ကျမှ စွတ်စိုခြင်းမှ ချိုတယ် ၊ ငံတယ်လို့ သိတာ။ ကဲ နံ့သာပု ငှက်ပျောသီး တွေ့တာလား ချိုရသာ တွေ့တာလား။ အကောင် အထည် ဟုတ်ကဲ့လား။ စဉ်းစားနော်။

အဲတာ စားသိစိတ်ကလေးက ဇိဝှါဝိညာဏ် နာမ်တရားပေါ့။ တစ်ဝိညာဏ်တည်း စားလို့ သောက်လို့ ဖြစ်ကဲ့လား။ အနတ္တတရား။ ဘာကြောင့်မဖြစ်တာလဲ။ သူကိုယ်တိုင်က အနတ္တ တရား ဖြစ်နေလို့။ သူနဲ့ သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ မပါလား။ ချိုတယ်လို့ ခံစားတာ လူလား ဝေဒနာလား။ နတ်လား ဝေဒနာလား။ ပြဟ္မာလား ဝေဒနာလား။ ချိုတယ်လို့ မှတ်တာ လူ၊နတ်၊ ပြဟ္မာလား သညာလား။ ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင်အောင် စေ့ဆော်တာ လူ၊နတ်၊ပြဟ္မာ လား စေတနာလား။ ဝေဒနာ သညာ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာ လေးပါးမပြည့်လား။ အဲဒီ လေးပါး ပြည့်စုံမှ စားသိစိတ် ဖြစ်တာ။ ကဲ လူ၊နတ်၊ပြဟ္မာလား နာမက္ခန္ဓာ လေးပါးလား။ လျှာအကြည်ကား နံ့သာပု ငှက်ပျောသီး ဟုတ်ကဲ့လား။ ချိုရသာကား နံ့သာပု ငှက်ပျောသီး ဟုတ်ကဲ့လား။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ မရဘူးလား။ နာမက္ခန္ဓာ လေးပါးနဲ့ ရူပက္ခန္ဓာပေါင်း။ (ခန္ဓာငါးပါးပါဘုရား)။ တရားပျောက်တော့ ကိုယ်မှာရှာ ကိုယ်မှာရှာတော့ တရားတွေ့တယ် မဟော လား။ စားတဲ့အခါ လျှာမှာ တွေ့နေပြီ။

အဲဒီခန္ဓာသိတာ ငါ ဟုတ်ကဲ့လား။ မဟုတ်ဒိဋ္ဌိ မပြုတ်ဘူးလား။ ပြုတ်တယ်။ အဲဒီမှာ နလုံးသွင်း မှန်တာနဲ့ မှားတာပေါ့။ ဘယ်လို မှားသလဲ စိစစ်ဖို့ မကောင်းလား။ စားကြည့်တာ နံ့သာပု ငှက်ပျော

သီး တွေ့သလား၊ ချိုရသာ တွေ့သလား။ မျက်စိနဲ့ကြည့် မြင်ရပါမလား။ လက်နဲ့ ကိုင်စမ်းကြည့် တွေ့ပါ မလား။ လျှာနဲ့ကျမှ သိတာနော်။

ချိုရသာ ရူပက္ခန္ဓာ တရားပေါ်မှာ နံ့သာပု ငှက်ပျောသီး အနေနှင့် စားချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။ ချိုရသာပေါ်မှာ ငှက်ပျောသီးလို့ နှလုံးသွင်း မှားတာ။ ချိုရသာ ရူပက္ခန္ဓာ တရား အပေါ်မှာ စားချင်မှု၊ နှစ်သက်မှု ၊စွဲလမ်းမှုက လောဘ တဏှာ သမုဒယသစ္စာ။ သမုဒယသစ္စာ အကြောင်း ရှိရင် အကျိုး ခန္ဓာ မရဘူးလား။ ခန္ဓာရရင် အိုနာသေ လွတ်ကဲ့လား။ ဘာသစ္စာတုံး။ အဲဒီ ဒုက္ခသစ္စာ အလိုလိုဖြစ်တာလား အကြောင်းကြောင့် အကျိုးတရား ပေါ်တာ လား။ အကြောင်းက သမုဒယသစ္စာကိုကွဲ့။ အကျိုးက ဒုက္ခသစ္စာနော်။ ကဲ အဲလို စိစစ်ဖို့ မကောင်း လား။ သမုဒယကြောင့် ဒုက္ခလို့ မဟောလား။

ကဲ ချိုရသာ ရူပက္ခန္ဓာတရား က စားတော့ ဝါးကြည့်ပြီးတော့ မမျိုရဘူးလား။ မျိုတဲ့အခါ တွေ့သေးရဲ့ လား။ ချိုရသာ ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်းပျက်ခြင်းက ဘာသစ္စာလဲ။ ဒုက္ခသစ္စာ လို့ ပိုင်းခြားလို့ သိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။ သမုဒယသစ္စာ သေတာနှင့် နောက်ခန္ဓာ မလာတာက။ ဟော သစ္စာလေးပါး တစ်စုံကွဲ့။ စားရင်းနဲ့ စားရင်းနဲ့။ အခုတော့ ဒါတွေက မပါပြီ။ ဟို ကြည့်လိုက် ဒီ ကြည့်လိုက် မျိုင်းလို နေတော့တာ။ ပျောက်ကုန်ပြီ ခန္ဓာက။ စဉ်းစားဖို့ မကောင်းလား။ နေ့လည် အခါမှ တရားထိုင်ဦးမယ် ကြားလား။ အခု လုပ်ပါတော့လား ။ တွေ့နေတာ။ ဟင် မြင်တဲ့အခါ မျက်စိမှာ လုပ် ။စားတဲ့အခါ လျှာမှာ လုပ်။အဲဒါကို နားလည် အောင်လို့ ဟောရတာဗျ။

<u>ချစ်မုန်း မပါ လင်မယား ဥပမာ (စက္ခုဒွါရ)။</u>

ကဲ မျက်စိနဲ့ ပတ်သက်ပြီးတော့ ပြောရဦးမယ်။ မျက်စိအကြည် ရှိတဲ့ပုဂ္ဂိုလ် ရူပါရုံဆိုတဲ့ အဆင်း တိုက်ရင်ဆိုင်ရာ ဝိညာဏ် မပေါ်လား။ မြင်သိစိတ်လို့ မဟောဘူးလား။ လူကို မြင်တာလား အဆင်း ကို မြင်တာလား။ မိန်းမ၊ယောက်ျားကို မြင်တာလား အဆင်းကို မြင်တာ လား။ မင်းသွီး၊မင်းသားကို မြင်တာလား အဆင်းကို မြင်တာလား။ အဆင်းကို မြင်တာ။ အဲဒါ တစ်ဝိညာဏ်တည်း မြင်သိလို့ ဖြစ်ကဲ့လား။ မဖြစ်ရင် သူနဲ့ သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာမှာ မပါလား။ အဆင်းလို့ ခံစားတာ လူလား ဝေဒနာလား။ နတ်လား ဝေဒနာလား။ ပြဟ္မာလား ဝေဒနာလား။ ဝေဒနာနော်။ အဆင်းလို့ မှတ်တာ လူ၊နတ်၊ပြဟ္မာလား သညာလား။ ခံစားနိုင်အောင် စေ့ဆော်တာ မှတ်နိုင် အောင် စေ့ဆော်တာ သူငါလား စေတနာလား။ ဝေဒနာ သညာ စေတနာ သုံးခုပေါင်းတော့ နာမက္ခန္ဓာ လေးပါး မပြည့်လား။ ဤလေးပါး ပြည့်စုံမှ မြင်သိစိတ် ဖြစ်တာ။ ငါ မြင်တာလား ၊မြင်သိစိတ်လား။ လူ၊နတ်၊ပြဟ္မာလား နာမက္ခန္ဓာ လေးပါးလား။ ကဲ မျက်စိအကြည်က လူ ဟုတ်ကဲ့

လား။ ရူပါရုံအဆင်းက လှပတ်ကဲ့လား။ မျက်စိအကြည်က မိန်းမ၊ယောက်ျား ဟုတ်ကဲ့ လား။ ရူပါရုံအဆင်းက မိန်းမ၊ယောက်ျား ဟုတ်ကဲ့လား။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ မရလား။ နာမက္ခန္ဓာ လေးပါးနဲ့ ရူပက္ခန္ဓာပေါင်း၊ ခန္ဓာငါးပါး။ ခန္ဓာ... ခန္ဓာငါးပါး ရတယ်နော်။

ကဲ အဲဒီခန္ဓာကို ဘုရားက သက္ကာယလို့ မဟောဘူးလား။ ငါလို့ ယူဦးမလား။ မိန်းမ၊ ယောက်ျား လို့ ယူဦးမလား။ ဒိဋ္ဌိ မပြုတ်လားဟော့။ အဲဒါ တရား အားထုတ်တာ၊ ဒါ အလုပ် ပေးနည်း... နိဿရည်း။ ဒါ အလုပ်ပေးတဲ့ နည်းတွေ။ ဒီလို စိစစ်ဖို့ မကောင်းလား။ လူက ဒီလို ချည်း အပင်ပန်းခံ ခါးတွေ နာအောင် လုပ်ကာမှ တရားလို့ ထင်တာကိုး။ အဲဒါ အဲဒါ အတ္တ ကိလမထာနုယောဂ။ ကိုယ့်ကိုယ်ကို ညှင်းဆဲတဲ့ တရား။ စိတ်အလိုကို လိုက်ရင်လည်း ကာမ သုခလ္လိကာနုယောဂ။ ကဲ စိစစ်ဖို့ ခန္ဓာရတဲ့ ပုဂ္ဂိုလ် အို၊နာ၊သေ လွတ်ပါ့မလား။

အဲဒီအပေါ်မှာ ဘယ်လိုများ နှလုံးသွင်း မှားလဲလို့ စိစစ်ဖို့ မကောင်းလား။ အမြင်ခံ တရားက လှလား အဆင်းဓါတ်လား။ မင်းသမီးလား အဆင်းဓါတ်လား။ မင်းသားလား အဆင်းဓါတ် လား။ သူ့ကို မြင်ရတာ ရေစက်နီးတယ်ဆိုတာ အဆင်းပေါ်မှာ ဖြစ်တာလား မင်းသမီးပေါ်မှာ ဖြစ်တာလား။ သူ့ကို မြင်ရတာ ရေစက်နီးတယ် ဆိုတာ ၊မင်းသား.... အဆင်းပေါ်မှာ ဖြစ်တာလား၊ မင်းသားမှာ ဖြစ်တာ လား။ မင်းသားက ပညတ်၊ မင်းသမီးက ပညတ်ကြားရဲ့လား။ အဲဒါ ပညတ်အာရုံ။ ဒါကြောင့် ပညတ် အာရုံ နှစ်သက်ကြုံ ဖြစ်မည် ကိလေသာ။ ပညတ်အာရုံ နှစ်သက်ကြုံ ဖြစ်မည်ကိလေသာ။ ဟော လောဘသမုဒယ။

အဆင်း ရူပက္ခန္ဓာတရား အပေါ်မှာ မင်းသမီး၊မင်းသားအနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှု က လောဘတဏှာ သမုဒယသစ္စာ။ အဆင်း ရူပက္ခန္ဓာ တရား အပေါ်မှာ မင်းသမီး၊ မင်းသား အနေနှင့် လိုချင်မှု၊ နှစ်သက်မှု၊ စွဲလမ်းမှုက လောဘတဏှာ သမုဒယသစ္စာ။ သမုဒယသစ္စာ အကြောင်း ရှိတော့ အကျိုးခန္ဓာ မရလား ။ ခန္ဓာရတဲ့ပုဂ္ဂိုလ် အို၊နာ၊သေ လွတ်ကဲ့လား။ ဘာသစ္စာလဲ။ သမုဒယ ဒုက္ခလို့ မဟောဘူးလား။ ချမ်းသာတဲ့တရားလား ဆင်းရဲတဲ့တရားလား။ ဒါ သမုဒယကြောင့် ဒုက္ခ ဟော့။ အဲလို စိစစ်ဖို့ မကောင်းလား။ ဒါ နှလုံးသွင်း မှားလို့ ဖြစ်တာ။ စဉ်းစားနော်။

အဆင်း ရူပက္ခန္ဓာ တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ ဘာသစ္စာလဲ။ အဆင်း ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဘာသစ္စာလဲ။ အဆင်း ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဘာသစ္စာလဲ။ ဒုက္ခသစ္စာလို့ ပိုင်းခြားလို့ သိတာက... (ဒုက္ခသစ္စာ) မဂ္ဂသစ္စာနော်။ သမုဒယသစ္စာ သေတာနဲ့ နောက်ခန္ဓာ မလာတာ ၊ဩော် သစ္စာလေးပါး တစ်စုံ ပါလား ဟော့။ မဂ္ဂ နိရောဓလို့ မဟောဘူးလား။ အဲဒါ နှလုံးသွင်း မှန်တော့ မဂ္ဂ နိရောဓ နော်။

အဆင်း ရူပက္ခန္ဓာ တရား၏ ဖြစ်ခြင်း ပျက်ခြင်းက ဒုက္ခသစ္စာ။ ဒုက္ခသစ္စာ ပိုင်းခြားသိတာက သမ္မာဒိဋ္ဌိ မဂ္ဂသစ္စာ။ သမုဒယသစ္စာ သေတာနဲ့ နောက်ခန္ဓာ မလာတာက၊ နိရောဓသစ္စာ။ သစ္စာ လေးပါး တစ်စုံ။ ဟော အဲဒီမှာ ပယ်ရမည့် တရားက သမုဒယ ဒုက္ခ၊ လက်ခံ သိမ်းပိုက် ရမည့် တရားက မဂ္ဂ နိရောဓလို့ မဟောလား ဟေ့။ ကဲ ဒါ မျက်စိမှာ ဖြစ်တဲ့ သစ္စာလေးပါး ဗျ။

မျက်စိမှာ သစ္စာ လေးပါး။ နားမှာ သစ္စာ လေးပါး။ နှာခေါင်းမှာ သစ္စာ လေးပါး။ စားတဲ့အခါ လျှာမှာ သစ္စာ လေးပါး။ ထိတဲ့အခါ သစ္စာ လေးပါး။ တွေးတဲ့ ကြံတဲ့ အခါ သစ္စာ လေးပါး။ သစ္စာ လေးပါး သိမှသောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ။ ဒီလို လေ့လာဖို့ မကောင်း လား။ အဲဒါ လိုရင်း အချက်တွေကွဲ့. သိမှ ပယ်နိုင်တာ။ မသိ ပယ်နိုင်ပ့ါမလား။ စဉ်းစား။ ဒါတော့ ဘယ်လိုတွေ သိရမှာလဲလို့ ခန္ဓာ အကျိုး အပြစ်ကို တခါ စစ်ဆေးကြစို့။ ဘယ်လိုတွေ စစ်ဆေးရမှာလဲ စိစစ်ဖို့ မကောင်းဘူး လား။

အမျိုးသ္မီးလေးနဲ့ အမျိုးသားလေး ဘဝ ရေစက်ဆုံ လို့လင်မယား အဖြစ်ကို ရ၊ ချစ်တုန်း ခင်တုန်း တပြုံးပြုံး။ လေးငါးနှစ် ပေါင်းသင်း ဆက်ဆံခဲ့... သားသ္မီးက တစ်ယောက်မှ မရ။ မယားက အလုပ်ကောင်း၊ လင်ကလည်း အလုပ်ကောင်း။ ခေတ်ပေါ်ပင်ပိုက်ဆံတွေက ရ။ ရွှေတွေ ဝယ်ထား တော့တာ။ ရွှေတွေ ရွှေတွေ။ ငါးနှစ်က ခြောက်နှစ်ကျတော့ သားလေး တစ်ယောက် မွေးတော့တာ။ ကြောင်ကလေး အဝတ်စုတ်ရ သလို... လင်မယား နှစ်ယောက် ဝမ်းသာလိုက်တာ သားလေး ရတော့ ကာ တပြုံးပြုံးနဲ့။ ကဲ အဲတော့ သားလေး မွေးကတည်း ကစ အဲဒီ အမျိုးသ္မီးဟာ စီးပွားရေး လုပ်နိုင်ပ့ါမလား။ ကလေး မွေးနဲ့ကလေး ထိန်းတဲ့အလုပ် ဟော အလုပ်က တစ်ယောက် လျော့သွားပြီ။ စားအိုးက တစ်ယောက်တိုးလာပြီ။ နောက်နှစ် တခါနှစ်သားမွေး ချပြန်တော့တာ။ နောက်နှစ် တစ်ခါ နှစ်သားချတာ။ ငါးနှစ်ကြာတော့ ငါးယောက် မွေးတော့တာ ဟေ့။ ဟော ငါးနှစ်က အလုပ် ပျက်သွားပြီ။ စားအိုးက ငါးယောက် တိုးလာပြီ။

ဟိုကလည်း အလုပ်က ပန်းနေပြီ။ ရှိတဲ့ရွှေလေးကို ဖြုတ်ဖြုတ် ဖြုတ်ပြီးတော့ သုံးရတော့တာ ရောင်းရ တော့တာ ကြားလား။ ရွှေက ကုန်ပြီ ရင်းစရာက ဝယ်စရာ ခြမ်းစရာက လိုပြီ။ ဗျစ် တောက် ဗျစ်တောက်နဲ့။ အင်း ဥစ္စာဖြို စားဖိုက။ မီးဖိုချောင်က အားကြီး သုံးတာ။ ဒါကြောင့် မို့လို့ ငွေ အလျှင်မမီ နိုင်တာပေ့ါ။ အစား အနေ မမီနိုင်ဘူး။ မီးဖိုချောင်က ဖြုန်းတယ်ဆိုတော့ မိန်းမက ဒေါပွပြီ။ အစ်ကိုရယ် ဖျင်းလို့။ အရှေ့အိမ်က ကို ထွန်းပေါတို့ အိမ်ကိုကြည့် စားအိုး ဆယ့်နှစ်ယောက် ရှိတယ်။ ကြည့်စမ်း သူတို့ လုပ်တာတွေ။ ယောကျ်ား စိတ်ဆိုးပြီ ရန်တွေ့ ပြီ။ လင်မယား ကွဲကြပြီ။ ကြားလား နှစ်လ သုံးလ ကြာသွားပြီ။ ကွဲတယ်။

ပတ်ဝန်းကျင်ကတွေလည်း အင်း ငါတို့ လူကြီးတွေ သူတို့ စေ့စပ်ပေးဦးမှ။ ဟိုက သူ့ဘက် ဆွေမျိုး ကိုယ့်ဘက် ဆွေမျိုး ပြန်စေ့စပ်ကြတယ်။ အကျိုး အပြစ် ...။ မင်းတို့ လင်မယား ရန်ဖြစ်တာ ဘယ်နှစ်ကြိမ် ရှိပြီလဲ။ အခုတစ်ကြိမ်။ ငါတို့မှာ လေးခါရှိပြီကွဲ့. ရန်တွေ့တာ။ အခုမှ နေသားကျတယ် ။ အဲ တစ်ကြိမ် တစ်ခါတော့ သည်းခံဦးမှ။ မင်းတို့ ထမင်း စားတဲ့အခါ လျှာနဲ့သွား မကိုက်မိဘူးလား။ ကိုက်မိတယ်။ ဘာဖြစ်လို့ ကိုက်တာလဲ။ မတော်လို့ ကိုက်မိတာ။ အခုလည်း မတော်လို့ ဖြစ်တာ တော့ သည်းခံဦးမှ။ အဲလို မိမိက ရေလည်လည် ပတ်ပတ် ရေလည် ပတ်လည် ပြောတော့ကာ စိတ် ပြေ မသွားဘူးလား။ ပြေတဲ့အခါ ပြန်ပြီး တော့ မပေါင်းမိဘူးလား။

အဲဒီ အမျိုးသမီးနဲ့ အမျိုးသားမှာ မုန်းစရာ ပါရင် ပြန်ပေါင်းလို့ ရပါမလား။ မုန်းစရာ ပါသလား မပါဘူးလား။ သူ့စိတ်က လုပ်တာ မုန်းတာ။ အမျိုးသမီးမှာလည်း မုန်းစရာ မရှိဘူး ၊အမျိုးသား မှာ လည်း မုန်းစရာမရှိ ၊မုန်းစရာရှိရင် ပြန်စေ့စပ်လို့ ရပါမလား။ စဉ်စားဦး စဉ်စားဦး၊ လူတွေ ရှူးတာကို ပြောရတာ။ အရှုံး ပျောက်အောင် ဟောရတာပေ့ တရား ဟောတာ။ စဉ်စားဖို့ မကောင်းလား။ အရှုံး ပျောက်အောင် ဟောရတာ။ တဏှာ ပူးတဲ့ အရှုံးတွေရယ်လို့ ဟောတာ။ စဉ်စားဖို့ မကောင်းလား။ အဲ စဉ်းစား။ ချစ်စရာ ပါရင် လင်မယား ရန်တွေ့ပါမလား။ ချစ်စရာကား ပါရဲ့လား။ သူ့စိတ်က လုပ်တာ။ အဲဒီစိတ်ကို မြင်အောင်ကြည့်။ နှလုံးသွင်း မှားတာလို့ မဟောဘူးလား။ ကဲ စိစစ်ဖို့ ကောင်းတယ်နော်။

အမြင်ခံက အမျိုးသမီးလား အဆင်းဓာတ်လား။ အမျိုးသားလား အဆင်းဓာတ်လား။ အဲဒီ အဆင်း ရူပက္ခန္ဓာကို မြတ်စွာဘုရားက ချောင်းထဲ မြစ်ထဲမှာ ရှိတဲ့ ရေမြှုပ်ကြီး ကဲ့သို့ ဟော မဟော။ ရူပက္ခန္ဓာ ရေမြှုပ်ကြီးနဲ့ တူတယ်လို့ မဟောဘူးလား။ ရေမြှုပ်လို့ မြင်မယ် သိမယ်ဆို ရင် ချစ်တဲ့စိတ်တွေ ပေါ်ဦးမလား။ မုန်းတဲ့စိတ်ကား ပေါ်ဦးမလား။ သူ့ အမှန် မြင်တာ။ ဒီလို လေ့လာဖို့ မကောင်းလား။ ဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက နားက တရားနာ ဉာဏ်က ခန္ဓာလှည့်လို့ မဟောဘူး လား။ ကဲ ရူပက္ခန္ဓာ...ခန္ဓာ မရဘူးလား။ အဲ ရူပက္ခန္ဓာ... အဆင်း ရူပက္ခန္ဓာလို့ သိတာ စက္ခုဝိညာဏ် က နာမ်တရား မရလား။ အဆင်းက ရုပ်တရား မရလား။ နာမ်ရုပ် နှစ်ပါး။ အမျိုးသမီးလား နာမ်နဲ့ရုပ် လား။ အမျိုးသားလား နာမ်နဲ့ရုပ်လား။ လူ၊နတ်၊ပြဟ္မာလား နာမ်နဲ့ရုပ်လား။ မြို့ရွာတိုင်းပြည်လား နာမ်နဲ့ရုပ်လား။

ကဲ သုံးဆယ့်တစ်ဘုံ တွေ့သေးရဲ့လား။ အမျိုးသမီးရော တွေ့ရဲ့လား။ အမျိုးသားကား တွေ့ရဲ့ လား။ တွေ့တဲ့ တရားထဲမှာ ဆက်ကြည့် ရူပက္ခန္ဓာကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။ ဝိညာဏက္ခန္ဓာ သိပြီးတော့ မပျက်လား။ ဖြစ်ပျက်လို့ မဟောလား။ ဘာသစ္စာလဲ။ ဩော်... ချမ်းသာတဲ့ တရားလား

17.5.2005,(8:00am)14

ဆင်းရဲတဲ့ တရားလား။ ကဲ အခု ခန္ဓာရတဲ့ ပုဂ္ဂိုလ်ဟာ နေ့ရှိသမျှ ရက်ရှိသမျှ ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတဲ့ တရားနဲ့ နေရတာကိုး ကွဲ့။ ဒီလိုဆိုတော့ အမှန်သိတော့ အမှား မပျောက်လား။ ဆင်းရဲတယ်လို့ သိရင် ဒီ ခန္ဓာမျိုး နောက်ထပ် ရချင်သေးရဲ့လား။ သိ ပယ်လို့ မပြောဘူးလား။ ဤနေရာ ရောက်အောင် သိအောင် ကြိုးစား။ သိတော့ ကဲ သိတယ်ဆိုတော့ကာ ဝိဇ္ဇာလို့ မပြောဘူးလား။ အဝိဇ္ဇာ မချုပ်ဘူးလား။ တဏှာ လာသေးရဲ့လား။ ဥပါဒါန် လာသေးရဲ့လား။ ကိလေသဝဋ် မချုပ်လား။ ကိလေသဝဋ်ချုပ်တော့ ကာယကံ၊ဝစီကံ ကမ္မဝဋ်မချုပ်လား။ ကမ္မဝဋ် ချုပ်ရင် နောက်ခန္ဓာ လာသေးရဲ့လား။ နိရောဓသစ္စာ။ အဲဒါ လိုရင်းအချက်။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ (ဒုက္ခသစ္စာပါဘုရား။) သိတာက ----မဂ္ဂသစ္စာ။ (မဂ္ဂသစ္စာ ပါဘုရား။) သေတာက ----သမုဒယသစ္စာ။ (သမုဒယသစ္စာပါ ဘုရား။) နောက်ခန္ဓာ မလာတာ။ (နိရောဓသစ္စာပါ ဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ် နှစ်ကွက်ရှိ။ (လေးကွက် ရှိပါတယ် ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား။) ငါး လေးလီ။ (နှစ်ဆယ်။) ဤရှစ်သွယ်ကို။ (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု ......... သာဓု ......... သာဓု ။